**<u>အဓိဋ္ဌာန်</u>**

ဓမ္မသတ်ဖုံးနဲ့- ပစ်မှာကို ငါမကြောက်၊

သစ္စာတရားအား

ဖုံးကွယ်ရမှာကို ငါကြောက်တယ်။

အပူပျက်ဆိုပြီး- ပစ်ပယ်မှာကို ငါမကြောက်၊

လူသားတွေအပေါ်

မေတ္တာပျက်မိမှာကို ငါကြောက်တယ်။

လူ့ချဉ်ဖတ်ရယ်လို့- ကြဉ်ဖယ်မှာကို ငါမကြောက်၊

လောကအပေါ်

ကရုဏာပျက်မိမှာကို ငါကြောက်တယ်။

ငါ့မှာ

ပါတီမရှိ၊ ဂိုဏ်းမရှိ၊ အသင်းမရှိ၊ မှိုင်းမရှိ၊

သစ္စာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ-- သာ

ရှိနေတယ်။

ငါ့ကို --

ရွှေနန်းပလ္လင်နဲ့ မမြှူဆွယ်နဲ့

ငါဟာ အာဏာရူး မဟုတ်ဘူး၊

ငါ့ကို-

ငွေကြေးဥစ္စာနဲ့ မဖျားယောင်းနဲ့

ငါဟာ လောကီကျေးကျွန်မဟုတ်ဘူး၊

ငါ့ကို-

ရာဂရမက်နဲ့ မပက်ဖြန်းနဲ့

ငါဟာ အညှီအညှော်ကို မမက်ဘူး၊

ငါ့ကို-

အသက်သတ်ဘို့ မခြိမ်းခြောက်နဲ့

ငါ့ကို- ငါ သေပြီးသားလို့ ခံယူထားတယ်။

ဆရာသခင်ဝါဒ၊ ဘုန်းကြီးဝါဒ၊ ဂိုဏ်းဝါဒ

မိုးမှောင်ကျနေတဲ့- လောကကို

သစ္စာ မီးတိုင်ငယ် တစ်စင်းနဲ့

ပစ်ခွင်းပြီး--

မီးပြတ်နေတဲ့ လူသားတွေအတွက်

ပေးဆက်ဘို့--

ငါ ယတိပြတ် ဆုံးဖြတ်ပြီးသား ဖြစ်နေပြီ။

အဲ့ဒီခရီးအတွက်

ငါယုံကြည်တဲ့ ဘုရားရှင်ရယ်၊ ငါ့သစ္စာရယ်

ငါ့အတွက် လုံလောက်ပြည့်စုံတယ်။

**ဒွေးလွင်ဦး**

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com